**(၅) မျက်စိကွက်ရောဂါ (Eye spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Bipolaris sacchari* (E. J. Butler) Shoemaker**

**ရောဂါလက္ခဏာများ**

ရောဂါဝင်ရောက်ပြီး (၁-၃) ရက်အတွင်းတွင်ကြံရွက်များတွင်အနီရောင်အစက်အပြောက်များ စတင်ဖြစ်ပေါ်လာသည်။ အစက်အပြောက်များသည် ဘဲဥပုံ၊ လုံးရှည်သဏ္ဍာန်ရှိ၍ ပင်မရွက်ကြောများနှင့် အပြိုင်ဖြစ်နေသည်။ အနားသတ်သည် အနီ ရောင်မှ အညိုရောင် ဖြစ်သည်။ အစက်အပြောက်၏အလယ်ဗဟိုသည် မီးခိုးရောင် သို့မဟုတ် အသား ရောင်ဖြစ်လာသည်။ အစက်အပြောက်များသည် အတူတကွ ပေါင်းစပ်သွားပြီး ရှည်လျား သော အစင်း ကြောင်းများ ဖြစ်လာနိုင်သည်။ ကြံမျိုးပိုင်းချပြီး (၁၂-၁၄) ရက်အကြာ ကြံပျိုး ပင်တွင် ရောဂါကူးစက်မှုပြင်းထန်ပါက အပင်သေစေနိုင်သည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသော ကြံမျိုးပိုင်းကို သုံးစွဲပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။

- အပူချိန်ကျဆင်းခြင်း၊ စိုထိုင်းဆမြင့်မားခြင်း၊ မြေချဉ်ငန်ကိန်း နိမ့်ခြင်း၊ ပိုတက်ဆီယမ်ဓါတ် (K) မသုံးသောစိုက်ခင်း၊ နိုက်ထရိုဂျင်မြေဩဇာ (N) နှင့် ဖော့စဖော်ရပ် (P) အလွန်အကျွံ သုံး သော စိုက်ခင်းများ တွင် ရောဂါကျရောက်နိုင်ပါသည်။
- ရောဂါကျရောက်ပါက Mancozeb (မန်ကိုဇက်)၊ Azoxystrobin (အဇိုဆီစထရိုဘင်) Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Copper (ကော့ပါး) ပါသောဆေးကို အသုံးပြုပက်ဖျန်းပါ။